FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD
Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# ပ ရီ မီ ယံ တစ် ကြိမ် ပေး ချေး ငွေ အ သက် အာ မ ခံ ပေါ် လ စီ
# အခွင့်အရေးနှင့်စည်းကမ်းချက်များ

## ၁။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ (Single Premium Credit Life Insurance) ပေါ်လစီ အကျိုးခံစားခွင့်များ

ပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံ (Single Premium Credit Life Insurance) ပေါ်လစီရှင်တစ်ဦး အနေဖြင့် အောက်တွင်ဖော်ပြထားသည့် အကျိုးခံစားခွင့်များ ရနိုင်ခွင့်ရှိပါသည်။

(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)

(ခ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)

### (က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)

(၁) အာမခံသက်တမ်းအတွင်း အာမခံထားသူသေဆုံးခဲ့လျှင် အာမခံကုမ္ပဏီအနေဖြင့် "လျှော့ချထားသော အာမခံထားငွေဇယား" တွင် ဖော်ပြထားသည့် အာမခံထားသူ သေဆုံးချိန်နှင့် သက်ဆိုင်သော အာမခံထားငွေကို တစ်လုံးတည်း ထုတ်ပေးပါမည်။

(၂) သေဆုံးမှုအကျိုးခံစားခွင့်ကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်းကသာ လျှောက်ထားရမည်ဖြစ်ပြီး အာမခံအကျိုးခံစားခွင့် ကိုလည်း ယင်းဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်းသို့သာ ထုတ်ပေးပါမည်။

(၃) အကယ်၍ ပေးဆပ်ရမည့် အရစ်ကျချေးငွေကို မပေးဆပ်ပဲကျန်ရှိခဲ့လျှင် အဆိုပါ ပေးဆပ်ရန်ကျန်သော ငွေများ အတွက် အာမခံကုမ္ပဏီမှ တာဝန်ယူမည် မဟုတ်ပါ။

(၄) သေဆုံးမှု အကျိုးခံစားခွင့် ထုတ်ယူရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်း များအား တင်ပြရန်လိုပါသည်။

(က) ပေါ်လစီစာချုပ်မူရင်း

(ခ) သေစာရင်းမိတ္တူမှန် / သေဆုံးကြောင်းခိုင်လုံသောအထောက်အထား

(ဂ) သေဆုံးကြောင်း ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်

(ဃ) အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ် / ငွေရေးကြေးရေးအဖွဲ့အစည်း၏ အကျိုးခံစားခွင့်တောင်းခံလွှာ

(၅) အကယ်၍ အာမခံထားသူသေဆုံးပြီး အလောင်းရှာမတွေ့ပါက(၂)နှစ် စောင့်ဆိုင်းရမည်ဖြစ်ပြီး မျက်မြင်အားဖြင့် သွားလာလှုပ်ရှားမှု မရှိကြောင်းကို ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ၏ ထောက်ခံချက်ရရှိလျှင် အကျိုးခံစားခွင့် လွှဲပြောင်းခံရသည့် ဘဏ် / ငွေရေးကြေးရေးအဖွဲ့အစည်းသို့ တစ်လုံးတည်း ထုတ်ပေးပါမည်။

### (ခ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)

(၁) အာမခံသက်တမ်းအတွင်း အာမခံထားသူသည် ထိခိုက်မှုကြောင့်သော်လည်းကောင်း၊ရောဂါကြောင့်သော်လည်း ကောင်း ထာဝစဉ်မသန်စွမ်းဖြစ်၍ ဝင်ငွေရရှိသော အလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် "လျှော့ချထားသော အာမခံထားငွေဇယား"တွင် ဖော်ပြထားသော အာမခံထားသူ ထာဝစဉ်မသန်စွမ်းဖြစ်ချိန် နှင့် သက်ဆိုင်သည့် အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်(သို့)ငွေရေးကြေးရေးအဖွဲ့အစည်းသို့သာ တလုံးတည်း ထုတ်ပေးပါမည်။

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

(၂) ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်ကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်း ကသာ လျှောက်ထားရမည်ဖြစ်ပြီး အာမခံအကျိုးခံစားခွင့်ကိုလည်း ယင်းဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်း သို့သာ ထုတ်ပေးပါမည်။

(၃) အကယ်၍ ပေးဆပ်ရမည့် အရစ်ကျချေးငွေကို မပေးဆပ်ပဲ ကျန်ရှိခဲ့လျှင် အဆိုပါ ပေးဆပ်ရန်ကျန်သော ငွေများ အတွက် အာမခံကုမ္ပဏီမှ တာဝန်ယူမည်မဟုတ်ပါ။

(၄) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့်အတွက် အောက်ဖော်ပြပါအထောက်အထားများကို တင်ပြရန် လိုအပ် ပါသည်။

- အာမခံပေါ်လစီစာချုပ်မူရင်း
- အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနမှအသိအမှတ်ပြုထားသည့် ဆေးရုံမှ အထူးကုဆရာဝန်၏ ထာဝစဉ် မသန်စွမ်းဖြစ်ကြောင်း ထောက်ခံချက်
- အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဆေးရုံ၊ ဆေးခန်းများမှ ဆေးကုသမှု မှတ်တမ်း
- ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်
- အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်း၏ အကျိုးခံစားခွင့်တောင်းခံလွှာ

(၅) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း ဆိုသည်မှာ အောက်တွင်ဖော်ပြထားသည့် နမူနာဖြစ်ရပ်မျိုးကို ဆိုလိုပါသည်။

(က) မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း

(ခ) ခြေ / လက် နှစ်ဖက်လုံး လက်ကောက်ဝတ် သို့မဟုတ် ခြေကျင်းဝတ် အထက်ပိုင်းမှ လုံးဝပြတ်ခြင်း။

(ဂ) ခြေကျင်းဝတ်အထက်ပိုင်းမှခြေထောက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။

(ဃ) မျက်စိတစ်ဖက် လုံးဝကွယ်ခြင်း နှင့် ခြေ/လက်တစ်ဖက် လက်ကောက်ဝတ် သို့မဟုတ် ခြေကျင်းဝတ် အထက်ပိုင်းမှ လုံးဝပြတ်ခြင်း

(င) ဆရာဝန်မှ ထာဝစဉ်မသန်စွမ်းဖြစ်သည်ဟု တရားဝင် ထောက်ခံ ဖော်ပြထားခြင်း။

## ၂။ အမ်းငွေထုတ်ပေးခြင်း(Surrender Value)

(၁) ချေးယူထားသည့်ငွေကို အပြည့်အဝ ပြန်လည်ပေးဆပ်ပြီးမှသာလျှင် အမ်းငွေထုတ်ယူခွင့် ရှိပါသည်။

(၂) အမ်းငွေထုတ်ယူရန်အတွက် ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်းမှ ချေးငွေအကြေဆပ်ပြီးကြောင်းကို ထောက်ခံချက်ပေးရပါမည်။ အာမခံကုမ္ပဏီသို့ အကြောင်းကြားရပါမည်။

(၃) အာမခံကုမ္ပဏီအနေဖြင့် ယင်းကဲ့သို့ ချေးငွေအကြေဆပ်ပြီးကြောင်းကို အကြောင်းကြားစာရရှိလျှင် နောက်ဆက်တွဲဖော်ပြထားသည့်“အမ်းငွေနှုန်းထားဇယား”ပါ အတိုင်းရရှိခွင့်ရှိသည့် အမ်းငွေကို ပေါ်လစီရှင် ထံသို့ တလုံးတည်း ထုတ်ပေးပါမည်။

(၄) အမ်းငွေထုတ်ယူရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများမှာ
- မူရင်းပေါ်လစီစာချုပ်
- ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်းမှ ချေးငွေအကြေဆပ်ပြီးကြောင်း ထောက်ခံစာ

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

(၅) အမ်းငွေထုတ်ပေးခြင်းမပြုရသေးမီ အာမခံထားသူ သေဆုံးခဲ့လျှင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၁၂ (ဆ) နှင့် အညီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးပါမည်။

(၁) ခင်ပွန်း/ ဇနီး
(၂) သားသမီး
(၃) မြေး
(၄) ညီအကိုမောင်နှမ
(၅) မိဘ

## ၃။ အကျိုးခံစားခွင့်မရနိုင်သည့်ကိစ္စများ

(၁) အာမခံထားသူသည် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း ကြောင့် သေဆုံးခဲ့လျှင် 'သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit )' အား ရခွင့်မရှိပါ။ အမ်းငွေကိုသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) အာမခံထားသူတစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် 'ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့် (Total Permanent Disability Benefit)' အား ရခွင့်မရှိပါ။ အမ်းငွေကိုသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်လုပ်ခြင်းကြောင့် ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ခ) မိမိကိုယ်ကိုသတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်မသန်စွမ်း ဖြစ်ခြင်း။